မူပိုင်ခွင့်ပုံစံ ၃



ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် ချုပ်ဆိုသည့် ခံဝန်ချုပ်

..... တရားရုံးတော်

၂၀ ..... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ..... (မူပိုင်ခွင့်)

..... ၏ သား/ သမီးဖြစ်သူ ..... ရပ်နေ လျှောက်ထားသူ ..... က တရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ဖြစ်စေ၊ တရားသူကြီးတာဝန်ပေးအပ်သူသို့ဖြစ်စေ ငွေကျပ် ..... ကို ပေးဆောင်ရန် ထိုတရားသူကြီး ထံသို့ ခံဝန်သူတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏ အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ လျှောက်ထားသူက ၎င်းအမှုတွင် ယာယီအရေးယူဆောင်ရွက်ပေးရန် အမိန့်ရလိုကြောင်း လျှောက်ထားပြီးဖြစ်သဖြင့် ဆိုခဲ့သော လျှောက်ထားမှုကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ ရပ်စဲလျှင်ဖြစ်စေ၊ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန်အလားအလာ မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ပေါ်ပေါက်သော နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို ပေးစေရန် အမိန့်ချမှတ်ပါက ထိုလျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူကြပါသည်။ သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျ လိုက်နာဆောင်ရွက်ပြေကျေအောင်ပြုလုပ်လျှင် ဤခံဝန်ချုပ် ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲအတိုင်းတည်စေ၍ ဆိုခဲ့သော လျော်ကြေးငွေ ..... ကိုဖြစ်စေ၊ တရားသူကြီးကပေးစေဟူသော ငွေ ..... ကို ဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သောရုံးတွင် ပေးသွင်းပါမည်။

၂၀ ..... ခုနှစ်၊ ..... လ ..... ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသော အားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

အာမခံသူတို့သည်
မျဉ်းကြောင်း
လက်ယာဘက်၌
လက်မှတ်
ရေးထိုးရမည်။
သက်သေတို့သည်
လက်ဝဲဘက်၌ မိမိတို့
မည်သူဖြစ်ကြောင်း
မှတ်ပုံတင်အမှတ်
အလုပ်အကိုင်၊
နေရပ်တို့ကို
ဖော်ပြရမည်။

.....
..... ရှေ့တွင်
.....
..... က
လက်မှတ်ရေးထိုးသည်။

ရုံးတံဆိပ်

တရားသူကြီး